# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်/ငွေပေးအမိန့်လွှာတို့ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ ပေးသွင်းကြရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) တို့ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေပေးချေမှုကွန်ယက်စနစ် CBM-NET မှတစ်ဆင့်လည်းကောင်း MPU Debit Card အသုံးပြု၍ Online မှလည်းကောင်း အခွန်ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှစ၍ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ထားသော အခွန်ထမ်းများမှအပ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးဆောင်ရန် တစ်ပြေးညီ လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိရာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း မေတ္တာရပ်ခံ အသိပေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၃။ ထိုသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ပေးသွင်းစေခြင်းဖြင့် အခွန်ငွေလွှဲပြောင်းပေးသွင်းမှု (Transaction) အလိုက် အခွန်ပေးသွင်းမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို IRD Data Center ရှိ Online Payment Database အတွင်းသို့ ထည့်သွင်းသိမ်းဆည်းထားနိုင်၍ အမှန်တကယ်ပေးသွင်းသည့် အခွန်ငွေကို အချိန်တိုအတွင်း ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု၊ အလွဲသုံးစားမှုနှင့် မသမာမှုအန္တရာယ်များဖြစ်ပွားခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၄။ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (သို့မဟုတ်) MPU Debit Card ကိုအသုံးပြု၍ အခွန်ပေးဆောင်ရာတွင် သက်ဆိုင်ရာ အီလက်ထရောနစ် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်းလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား [ပတခ(e-payment)] ကို အခွန်ထမ်းထံသို့ email ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၅။ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအပါအဝင် တစ်နိုင်ငံလုံးရှိ အခွန်ထမ်းများအနေဖြင့် ဘဏ်များ၏ ငွေပေးချေမှုစနစ် (Payment Channel) အသီးသီးမှတစ်ဆင့် အီလက်ထရောနစ်ငွေပေးချေမှု

နည်းလမ်းများဖြင့် လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန်အတွက် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်သစ်များနှင့် အခွန်ထမ်းတစ်ဦးချင်းအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် အခွန်ပေးဆောင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်မည့် Taxpayer Portal ကို တိုးချဲ့အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၆။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉) နှင့် အီလက်ထရောနစ် ဝန်ဆောင်မှု နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးစင်တာ (e-Services Help Desk Center) ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၇။ သို့ဖြစ်ပါ၍ အခွန်ထမ်းကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်/ငွေပေးအမိန့်လွှာတို့ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ထပ်မံ၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**